ပဒံငံလေးကျေးရွာ

သံဖြူဇရပ်မြို့နယ်၊ မော်လမြိုင်ခရိုင်

မွန်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပဒံငံလေးကျေးရွာ၊ သံဖြူဇရပ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သံဖြူဇရပ်မြို့နယ်မှ

ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ မတ် လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ပဒံငံလေးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သံဖြူဇရပ်မြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


မတ် လ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပဒံငံလေးကျေးရွာ

သံဖြူဇရပ်မြို့နယ်

ပဒံငံလေးကျေးရွာ သယ်ဇောတပြမြေပုံ၊ သဖြူဧရိယာမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပဒံငံကြီးကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၏ ပဒံငံလေးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကွမ်သတ် ကျေးရွာ၊ အနောက်ဘက်တွင် ပဒံငံကြီးကျေးရွာ၊ မြောက်ဘက်တွင် ဝါခရူမြစ်၊ တောင်ဘက်တွင် ရော်ဘာခြံများရှိပါသည်။ ကျေးရွာ တွင် ဗမာ၊ မွန်စသည့် တိုင်းရင်းသား များ စုပေါင်းနေထိုင်ကြပါသည်။ သံဖြူဇရပ်မြို့နှင့် (၁၀) မိုင်ခန့်ကွာဝေးပြီး မြို့၏ အနောက်ဘက်တွင်တည်ရှိပါသည်။ မြေပြန့်လွင်ပြင်/ချိုင့်ဝှမ်းနှင့် ချောင်းများရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ (၆၅) ပေရှိပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပဒံငံလေးကျေးရွာ၏ ရွာသီဥတုမှာ အပူပိုင်းစိုစွတ်သည့်ရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။လယ်မြေများနှင့် ရော်ဘာခြံမြေများ အသင့်အတင့်ရှိကြပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထားအသုံးပြု၍ စိုက်ပျိုးကြရပါသည်။ မိုးရေချိန်လက်လမ (၈၀) မှ (၁၀၀) ထိရွာသွန်းသော ဒေသဖြစ်၍ စိုက်ပျိုးရေးအသင့်အတင့် လုံလောက်မှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၄၅၇) ဧက၊ ဥယျာဉ်ခြံမြေ (၅၀) ဧကနှင့် စုစုပေါင်း (၅၀၇) ဧကခန့် ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပဒံငံလေးကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်း (၇) ဖွဲ့ရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့ ၃၂ ဦး၊ လူမှုကူညီရေးအသင်း (၁၀) ဦး၊ ရပ်မိရပ်ဖအဖွဲ့ (၁၅) ဦး၊ ကာလသားအဖွဲ့(၅၀) ဦး၊ ကာလသမီးအဖွဲ့(၆၀) ဦး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့(၅၀) ဦး၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ (၁၀) ဦးမှ ကျေးရွာ၏ ပညာရေး၊ကျန်းမာရေး၊ ဘာသာရေး၊လူမှုရေး၊ စိုက်ပျိုးရေး၊မွေးမြူရေး၊လုံခြုံရေး၊ကာကွယ်ရေး၊ဘဏ္ဍာငွေစီမံခန့်ခွဲမှု စသည့်ကဏ္ဍများအား အဖွဲ့အသီးသီးဖြင့် ခွဲဝေတာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း ပဒံငံလေးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ပဒံဝံလေးကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၅၀) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၂၅၀) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၂၀) အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် (၄၀) ခန့်ရှိပြီး အခြားသောစီးပွားရေးလုပ်ငန်းများ၊ကျပန်းလုပ်သားများနှင့် ပြည်ပသို့သွားရောက် လုပ်ကိုင်ခြင်းများလုပ်ဆောင်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄၀) တင်းသာ ရှိပါသည်။ သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များ ကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်ပါသည်။ ၄င်းအပြင် မိုးကြိုးသည့်အခါတွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေများ ရေနုတ်မြောင်းနှင့် ချောင်းများကို ပြန်လည်တူးဖော်မှု လုပ်ဆောင်လိုကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ပဒံဝလေးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ခြင်းမရှိပါ။ တစ်နိုင်တစ်ပိုင်အိမ်မွေးတိရစ္ဆာန်အဖြစ်မွေးမြူခြင်းနှင့်လယ်စိုက်ပျိုးရာတွင် အသုံးပြုရန် နွားအနည်းငယ်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် မြေနေရာကျယ်ဝန်းမှုရှိရန် လိုအပ်ခြင်း၊ ငွေကြေးအရင်းအနှီးများလိုအပ်ခြင်းနှင့်ကျွမ်းကျင်လုပ်သားများလည်း လိုအပ်ခြင်းတို့ကြောင့် စီးပွားဖြစ်မလုပ်ကိုင်ကြခြင်းဖြစ်ပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ် မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများ နှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါး ပါသည်။ လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါ သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တွင် ပုံစံ (၇) ဖြင့် ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ကိုင်နေကြ သော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူ များထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး (၃၀၀) စီး၊ မော်တော် ဆိုင်ကယ် (၃၂၀) စီး၊ သုံးဘီးဆိုင်ကယ် (၂) စီး၊ ထော်လာဂျီ (၁၀) စီး၊ ကား (၅) စီး စသည် ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး လမ်းအနေအထား ကောင်းမွန်ပါ သည်။ ထိုမြေသားလမ်းများအား ကွန်ကရစ်လမ်း (သို့) ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့် တင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ လမ်းများကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်မှု အဆင့် မြင့်မား လာမည်ဖြစ်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသော်လည်း ကျေးရွာရှိအိမ်ထောင်စုနှင့် မီးအားမမျှခြင်းများဖြစ်လာနိုင်သဖြင့် လျှပ်စစ်မီးအား လုံလောက်မျှတစွာ အသုံးပြုနိုင်ရန် ထရန်စဖော်မာ (၁၀၀KVA) တစ်လုံးထပ်မံတပ်ဆင်ပေးရန်လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဂျေါတောရကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၃၈၀) လုံး၊ ရေဒီယို (၅၀) လုံး၊ တီဗွီ (၃၂၀) လုံး၊ ဂြိုလ်တုစလောင်း (၂၀၀) လုံး စသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီ ဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင် ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

ကျေးရွာတွင် တိုးချဲ့မူလတန်းကျောင်းနှင့် အမက(မူလွန်) ကျောင်းဆောင်များရှိပါသည်။ ဆရာဆရာမ အင်အားလုံလောက်မှု မရှိသေးပါ။ ကျောင်းအဆင့်မြှင့်တင်နိုင်ရန် ကျောင်းဆောင်များ ကျောင်းသင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများ စသည့် လိုအပ်ချက်များလည်း ဖြည့်ဆည်းဆောင်ရွက်သွားရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ပဒံငံလေးကျေးရွာသည် သံဖြူဇရပ်မြို့နှင့်နီးသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့်ချိတ်ဆက်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်နိုင်ပါသည်။ ကျေးလက်ဆေးပေးခန်း(၁) ခုလည်းရှိပါသည်။ အနီးရှိ ကျဲကဒါတ် ကျေးရွာ တိုက်နယ်ဆေးရုံသို့လည်း သွားရောက်ကုသမှုခံယူနိုင်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်သော အခက်အခဲပြဿနာများမရှိပါ။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ပဒံငံလေးကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှု ဆိုးရွားစွာဖြစ်ပေါ်မှုများမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်သိမ်းစောင့်ရှောက်မှု နှင့် ထိန်းသိမ်းရေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၏ လမ်းညွှန်ချက်များဖြင့် စီမံဆောင်ရွက်မှုများရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ပဒံငံလေးကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ပဒံငံလေး			ကျေးရွာအမည် - ပဒံငံလေး	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ် ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ပန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၈	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်း များဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၉	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက် များ ပြင်ဆင်ခြင်း။	
၁၀	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၁	ငွေကြေး	ရပ်ရွာအခြေပြု	မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းမျက်နှာကျက်တပ်ဆင်ခြင်း	
၁၃	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	မူကြိုကျောင်းဆောင်မျက်နှာကျက်တပ်ဆင်ခြင်း	
၁၄	ပညာရေး	ကျောင်းအဆောက်အဦ၊	ကျောင်းအားကစားပစ္စည်းများဝယ်ယူခြင်း	

		ပရိဘောဂ၊ သင်ထောက်ကူ		
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းပညာရေးသင်ထောက်ကူပစ္စည်းများဝယ်ယူခြင်း	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းစာကြည့်တိုက်ဆောက်လုပ်ခြင်း၊ပရိဘောဂဝယ်ယူခြင်းနှင့်စာအုပ်စာတမ်းများဝယ်ယူစုဆောင်းခြင်း	
၁၇	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၁၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာတွင်းလမ်းအားကတ္တရာခင်းခြင်း(၅၂၈၀'X၁၆'X၆")	
၁၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာအရှေ့ဖက်ချောင်းတူးဖော်ခြင်း(၅၂၈၀'X၂၀'X၇')	
၂၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာအနောက်ဖက်ချောင်းတူးဖော်ခြင်း(၅၂၈၀'X၂၀'X၇')	
၂၁	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်း+ရေစက်ရုံ+ရေကန် တည်ဆောက်ခြင်း။	
၂၂	လျှပ်စစ်	မဟာဓာတ်အားလိုင်း	ထရန်စဖော်မာ (၁၀၀KVA) တပ်ဆင်ခြင်း	
၂၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။	
၂၄	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း။	
၂၅	သယံဇာတနှင့်သဘာဝဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	

ပဒံငံလေးကျေးရွာ၊ ပဒံငံလေးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁					နာယက	
၂	ဦးဆန်းမြင့်	ဦးထွန်းရ	၁၀/သဖရ(နိုင်) ၀၁၉၂၅၇	၅၃	ဥက္ကဋ္ဌ	၀၉-၄၂၈၇၀၃၄၁၂
၃	ဦးမြင့်ကျော်	ဦးအေးမြင့်	၁၀/သဖရ(နိုင်)၀၇၀၄၃၅	၅၂	အတွင်းရေးမှူး	
၄	ဦးထက်အောင်	ဦးဌေးအောင်	၁၀/သဖရ(နိုင်)၁၁၅၈၆၈	၂၉	စာရင်းကိုင်	၀၉-၄၂၅၃၀၀၆၅
၅	ဦးမောင်ချစ်	ဦးထွန်းလွင်	၁၀/သဖရ(နိုင်)၀၁၇၁၀၉	၆၈	ဘဏ္ဍာရေးမှူး	
၆	ဦးသန်းကျော်ဌေး	ဦးရွှေနီ	၁၀/သဖရ(နိုင်)၀၇၁၄၃၁	၅၀	သော့ကိုင်(၁)	
၇	ဦးလှဝင်း	ဦးကရင်	၁၀/သဖရ(နိုင်)၀၀၂၁၇၈	၇၀	သော့ကိုင်(၂)	
၈	ဦးစိုးငြိမ်း	ဦးခင်မောင်	၁၀/သဖရ(နိုင်)၀၁၂၇၃၂	၅၇	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၁၅	၂၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၀	၁၅	၃၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၀	၆၀	၁၁၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၀၀	၃၇၀	၆၇၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၆၃	၃၃၇	၇၀၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄၀	၃၀	၇၀
စုစုပေါင်း		**၇၈၃**	**၈၂၇**	**၁၆၁၀**
စုစုပေါင်း အိမ်ထောင်စု		**၃၆၀**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ပဒံငံလေးကျေးရွာသည် အိမ်ထောင်စု (၃၆၀) စု၊ လူဦးရေ (၁၆၁၀) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၅၄)%၊ အသက်၁၊နှစ်အောက်ကလေး (၂.၁၆%)၊ မူလတန်းကျောင်းသားအရွယ် (၆.၈၀)%၊ အလယ်တန်းကျောင်းသားအရွယ် (၄၁.၄၃)%၊ သက်ကြီး ရွယ်ကြီးအရွယ် (၄.၃၂%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၁၄.၈၂)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၃၆၃) ဦး၊ မ (၃၃၇) ဦး စုစုပေါင်း (၇၀၀) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၄၃.၂၉)% ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၄၇) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် လျှင် (၅) ဦးနှုန်း အောက်လျော့နည်းပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှု ကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃၀	၁၈၀	၁၃၅	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၁၀	၁၃၀	၄၀	မြင့် ☐ လတ်✓ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၂၀	-	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၅	၁၅	-	မြင့် ☐ လတ်☐ နိမ့် ✓
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၅	-	မြင့် ☐ လတ်☐ နိမ့်✓

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၄၀	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၂၅	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၅	၂၅	-	မြင့် ☐ လတ်✓ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				တက္ကသိုလ်နှင့်နီးသော ကြောင့် ကိုယ်ပိုင် အဆောင်များဖွင့်ခြင်း
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄၀	၈၇	၁၁၇	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၃၆၀	၅၂၇	၂၉၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ပဒံဝံလေးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထား လုပ်ကိုင်ကြပြီး ရော်ဘာနှင့်လယ်စိုက်ခြင်းကို လုပ်ကိုင်ကြပါသည်။ သံဖြူဇရပ်/ကျိုက္ခမီ မြို့သွား ကားလမ်းမကြီးဘေးတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး အသင့်အတင့် ဖွံ့ဖြိုးရေးကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းအသင့်အတင့်ကောင်းမွန်ပြီးတစ်နိုင်တစ်ပိုင် ဈေးဆိုင်များ၊ ဝပ်ရှော့အလုပ်ရုံ၊အလှပြင်ဆိုင်၊ စားသောက်ဆိုင် ၊ ဆိုင်ကယ်အငှားမောင်းသူ၊ အငှားကားမောင်းသူများ၊ စက်ချုပ်ဆိုင်များဖြင့် လုပ်ကိုင်စားသောက်ကြပါသည်။ နိုင်ငံ့ဝန်ထမ်းများလည်းကျေးရွာတွင် ရှိပါသည်။ အချို့သောအိမ်ထောင်စုများအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်၍ လုပ်ကိုင်စားသောက်ကြပါသည်။ လက်လုပ်လက်စားကျပန်းမိသားစုများလည်း အသင့်အတင့်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇,၀၀၀	၆,၀၀၀	၇,၀၀၀	၅,၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၆,၀၀၀	-	၈,၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၂၀၀၀၀	-	၆,၀၀၀	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	၃၀၀၀၀၀	-	၅,၀၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	၃၀၀၀၀	-	၁၀၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခပမာဏကို မသိရှိပါ။ ရာသီကာလအချိန်အခါပေါ်တွင်မူတည်၍လည်း လုပ်အားအပေါ် ဝင်ငွေရရှိနိုင်မှု ကွာခြားနိုင်ကြောင်းတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၅၇	ကောင်း ✓	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၅၀	ကောင်း ☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၅၀၇**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး

ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ပဒံငံလေးကျေးရွာတွင် လယ် (၄၀၇) ဧကနှင့် ရော်ဘာခြံ (၅၀) ဧကာ ရှိပြီး မြေဆီလွှာ အရည်အသွေး ကောင်းမွန်ပါသည်။

(ဂ-၂) မာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) မာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)				အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (မာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐	သင့် ☐	နည်း ☐	မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐	သင့် ☐	နည်း ☐	မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐	သင့် ☐	နည်း ✓	မရှိ ☐	လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐	သင့် ☐	နည်း ✓	မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပဒံငံလေးကျေးရွာတွင် ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ ထွက်ရှိမှု မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား(ဝင်ငွေ) အသင့်အတင့်	စီးပွား(ဝင်ငွေ) နည်း	စီးပွား(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၆၀**	**၁၂၆**	**၁၄၈**	**၂၆**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပဒံငံလေးကျေးရွာသည် စီးပွားရေးလုပ်ငန်းများ အထိုက်အလျောက် ဖွံ့ဖြိုးသောကျေးရွာဖြစ်သည့်အတွက် စီးပွားရေးလုပ်ကိုင်ရန် အခြေအနေကောင်းများ ရှိပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၇.၂၄	အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = ✓
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပဒံငံလေးကျေးရွာရှိ အဆင်မပြေသော အိမ်ထောင်စုများသည် မိုးတွင်းကာလများတွင် အလုပ်လုပ်ကိုင်ရန် အခက်အခဲများ ရှိသဖြင့် ဝင်ငွေမရရှိသောကြောင့် လုပ်အားခကြိုတင်ထုတ်ယူထားခြင်းဖြင့် စားဝတ်နေရေးကိစ္စများကို ဖြေရှင်း ကြပါသည်။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပဒံငံလေးကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၃	ရေကြီးခြင်း	မြင့် □	လတ် □	နိမ့်✓	မရှိ□
၄	မိုးခေါင်ခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ✓
၅	အအေးလွန်ကဲခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၆	မုန်တိုင်း	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၇	ငလျင်	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၈	မီးဘေး	မြင့် □	လတ် □	နိမ့်□	မရှိ✓
၉	ဆားငန်ရေဝင်မြေ	မြင့် □	လတ် □	နိမ့်✓	မရှိ□
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □	လတ် □	နိမ့်✓	မရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □	လတ် □	နိမ့်✓	မရှိ □
၁၃	တီဘီရောဂါ	မြင့် □	လတ် □	နိမ့်✓	မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □	လတ် □	နိမ့်✓	မရှိ □
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □	လတ် □	နိမ့်✓	မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □	လတ် □	နိမ့်□	မရှိ ✓

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပဒံငံလေးကျေးရွာတွင် လယ်စိုက်ပျိုးမှု အသင့်အတင့်ကောင်းမွန်ပါသည်။ ပင်လယ်ရေဝင်ရောက်မှုများ မိုးတွင်းကာလများတွင် ဖြစ်ပွားပါသည်။ ရေလွှမ်းမိုးမှုများဖြစ်ပွားတတ်ပါသည်။ ငှက်ဖျားရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးခံရမှု မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပဒံငံလေးကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့် ကိစ္စနှင့် ပတ်သက်၍ အလွယ်တကူ ခံရနိုင်သည့်အဖြစ်မျိုးမရှိကြောင်းတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁☐ ၂✓ ၃☐	၃၀	၂	၃၂	ပညာရေး ✓ ငွေကြေး ☐	ကောင်း ✓

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁						ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	သင့် ☐ ညံ့ ☐
၂	လူမှုကူညီရေးအသင်း	၁☐ ၂✓ ၃☐	၁၀	–	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၃	ရပ်မိရပ်ဖ	၁☐ ၂✓ ၃☐	၁၅	–	၁၅	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐
၄	ကာလသား	၁☐ ၂✓ ၃☐	၅၀	-	၅၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၅	ကာလသမီး	၁☐ ၂✓ ၃☐	-	၆၀	၆၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၆	ကျောင်းအကျိုးတော်ဆောင်အဖွဲ့	၁☐ ၂✓ ၃☐	၂၀	၃၀	၅၀	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၇	မိခင်နှင့်ကလေး	၁☐ ၂✓ ၃☐	-	၁၀	၁၀	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၈		၁☐ ၂☐ ၃☐	-	-	-	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ပဒေသံလေးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ အသီးသီးအား အထက်ပါကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ပဒေသံလေးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၅၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၃၆၀	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ပဒံငံလေးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ တောင်သူငယ် အိမ်ထောင်စုများ ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုများအနေဖြင့် အခြားသော စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ခြင်း၊ အငှားလုပ်သားများအဖြစ် လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
